**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

**၁၈ ရက်မြောက်နေ့အစီအစဉ်**

**[ ၃၁–၇–၂၀၁၂ ] (အင်္ဂါနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များ က မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဌေးလွင်၊ နမ့်စန် မဲဆန္ဒနယ်၏ **နမ့်စန်မြို့နယ်တွင် မီးသတ်ဦးစီး ဌာနအဖြစ် ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **ပြည်နယ်နှင့်တိုင်းဒေသကြီး များအလိုက် ဒေသမြေအမျိုးအစားများကို သုတေသနပြုလုပ်ပြီး ပညာပေးလုပ်ငန်းဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးဖရန်စစ္စကို၊ ဖယ်ခုံ မဲဆန္ဒနယ်၏ (ကိုယ်စား) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **မိုးဗြဲရေလှောင်တမံ၏ ရေထိန်းတံခါးများ ပြုပြင်ပေးရန်နှင့် ရေကြောင်းခရီး ပြန်လည်သွားလာနိုင်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်း မဲဆန္ဒနယ်၏ **အရည်အသွေး ပြည့်မီသော ဆေးဝါးများ၊ အစားအစာများ ရရှိနိုင်ရန်မည်သို့ စီမံဆောင်ရွက်လျက်ရှိသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်၏**ဖလမ်းပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံများနှင့် သူနာပြုသင်တန်းကျောင်းတို့** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **"တိုင်းပြည်စီးပွားရေး တိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး အတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးခင်မောင်ရွှေ၊ ခင်ဦး မဲဆန္ဒနယ်။

(ခ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်။

(ဂ) ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်။

(ဃ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်။

(င) ဦးဖြိုးမင်းသိန်း၊ လှည်းကူး မဲဆန္ဒနယ်။

(စ) ဦးအုန်းကြိုင်၊ မဟာအောင်မြေ မဲဆန္ဒနယ်။

(ဆ) ဦးမန်းမောင်မောင်ဉာဏ်၊ ပန်းတနော် မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဦးဌေးဦး၊ ဟသ်ာတ မဲဆန္ဒနယ်က **"နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများ (Migrant Workers)များအတွက် ဘဝအာမခံချက် လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်နိုင်ပါရန်"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသော **"၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ပညာရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။